# "သေနတ်နဲ့ချိန်ထားတဲ့ဒီမိုကရေစီ လာတော့မည်"
# (၅ - ၂ - ၂၀၁၀)

ရွေးကောက်ပွဲအလွန်မှာ ပေါ်လာမယ့် 'ဒီမိုကရေစီ' ကို မောင်စူးစမ်းက ဘယ်လိုနာမည်ပေးရမလဲဆိုတာ ဝေဝါးနေလို့ 'ကြိုးကိုင်ဒီမိုကရေစီ' လို့ သုံးလိုက်၊ 'လမ်းညွှန်ဒီမိုကရေစီ' လို့ သုံးလိုက် အမျိုးမျိုးပြောင်းပြီး သုံးနေတယ်။ စစ်အုပ်စုကိုလည်း 'စပွန်ဆာ' လို့ အင်္ဂလိပ်လိုပဲ အသံဖလှယ်ပြီး သုံးတယ်။ ဒါက ရှေ့နေရဲ့စရိုက် ဖြစ်လိမ့်မယ်။

မောင်စူးစမ်းက ပင်တိုင်ရေးနေတဲ့ ဂျာနယ်ရဲ့အယ်ဒီတာကတော့ ရှင်းတယ်၊ ပြတ်တယ်။ အယ်ဒီတာ့အာဘော်မှာ ပထမတော့ 'လက်အားလုံး ထုတ်ပြထားပါ' ဒါမှ တပ်မတော် (စစ်အုပ်စု) က သဘောကျမယ်လို့ ရေးရာက အခုတော့ တဆင့်တက်ပြီး ရှင်းလင်းချက် ထုတ်လာတယ်။ "လက်အားလုံးမြှောက်ပြထားပေမယ့် သေနတ်နဲ့တော့ ချိန်ထားရမှာပဲ" လို့ ပြောင်ရေးလာတယ်။ ရှင်းလှပါပေတယ်။

တဖက်ကပြောရင် ကျေးဇူးလည်း တင်ရမှာပါ။ စစ်အုပ်စု နွားပြာကြီးအကြောင်းသိသူတွေက '၂၀၀၈ အခြေခံဥပဒေ' ထွက်လာကတည်းက ဘယ်ဇာတ်ခင်းတော့မယ်ဆိုတာ သိပြီးသားပါ။ ဒါပေမဲ့ ၂၀၁၀ လွန်ရင် (ရွေးကောက်ပွဲပြီးရင်) လုပ်ကွင်း လုပ်ကွက်ကလေးများ ပေါ်လာလေမလားလို့ ဇဝေဇဝါဖြစ်နေသူများအတွက်တော့ ရှင်းသွားပါလိမ့်မယ်။ လက်မြှောက်ထားပေမယ့် သေနတ်နဲ့တော့ ချိန်ထားမှာပဲဆိုတာ သိသွားရလို့ပါ။ ဒါကြောင့် ကျေးဇူးတင်ရတာပါ။

၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ ပြင်နေကြသူများက ဒီ 'အယ်ဒီတာ့အာဘော်' ကို ကျေညက်အောင် ဖတ်ထားသင့်ပါတယ်။

'အယ်ဒီတာမင်း' များက ဖတ်သူတွေ နားလည်အောင်တော့ Homework တို့၊ Stakeholder တို့၊ Simplify တို့၊ Moral highground တို့ကိုတော့ ဗမာလို ရေးထည့်ပေးစေချင်တယ်။ အင်္ဂလိပ်လို ဒီလောက်ကလေးမှ နားမလည်ရင် မဖတ်နဲ့ဆိုရင်လည်း ရပါတယ်။ ဂျာနယ်ရဲ့ပစ်မှတ်က အလုပ်သမား၊ လယ်သမား နင်းပြားတွေ မဟုတ်ဘဲ အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်တွေပဲ ဆိုတာကို သဘောပေါက်ပါတယ်။

ရွေးကောက်ပွဲဝင်ဖို့ ပြင်နေသူတွေက ၁၉၉၀ ရွေးကောက်ပွဲမှာရှုံးလို့ အခဲမကြေဖြစ်နေသူတွေနဲ့ ၈၈ မျိုးဆက်ထဲက တချို့သော တပွဲတလမ်းစမ်းချင်သူတွေနဲ့ ပြည်ပရောက် တချို့ပဲဖြစ်လေတော့ သူတို့နားလည်ရင် ပြီးတာပါပဲ။

'လက်မြှောက်ရုံနဲ့ မရဘူး၊ သေနတ်နဲ့ထောက်ထားဦးမယ်' ဆိုတဲ့သတင်း ပေးဖော်ရလို့ ကျေးဇူးတင်ပါတယ်။

ဗကပ ပျက်တွေအဖို့ကတော့ ဒီသတင်းပေးချက်က အသစ်အဆန်းမဟုတ်ပါဘူး။ သူတို့ လက်နက်ချပြီးကတည်းက ဒီအဖြစ်မျိုး ကြုံနေရတာပဲ။ မောင်စူးစမ်းတို့ရဲ့အာဘော်ကို စောင့်မျှော်နေပါတယ်။

၅ - ၂ - ၂၀၁၀
www.cpburma.org